ဝတ္ထုတို စုစည်းမှု (၅)

# ဓားရှုံ့ပေါ်က တစ္ဆေ

မောင်ကျော်သာ (ဖဲရုး)

# ဆေးရုံပေါ်ကတစ္ဆေ

## (တစ်)

ဆေးရုံပေါ်မှာ တစ္ဆေတစ်ကောင်ရှိနေကြောင်း သိသွားသူမှာ သူတစ်ယောက်သာဖြစ်သည်။ ထိုကိစ္စဟာ အံ့ဩစရာကိစ္စဖြစ်ပေမယ့် (၃၁)ဘုံကိုယုံကြည်သူများအတွက် တကယ်တမ်း အံ့ဩ စရာမဟုတ်ပါ။ တကယ်ပဲ ဆေးရုံပေါ်မှာ တစ္ဆေတစ်ကောင်ရှိနေခဲ့တာ သေချာပါသည်။

ဆေးရုံတက်ရပြီး သုံးရက်မြောက်ညမှာပဲ ဆေးရုံပေါ်မှာ တစ္ဆေတစ်ကောင်ရှိကြောင်း သူသိ လိုက်ရခြင်းဖြစ်သည်။ ထိုညက မိုးတွေဟာ အဆက်မပြတ်ရွာသွန်းနေ၏ ။ လူနာတွေကော လူနာ စောင့်တွေပါ နှစ်နှစ်ချိုက်ချိုက်အိပ်ပျော်နေသော ညလည်းဖြစ်သည်။ ဆေးရုံခေါင်မိုးပေါ်ကို တ ဖြောင်းဖြောင်းရိုက်ခပ်နေသည့် မိုးရေစက်တွေ၏ အသံဟာ လူတွေကို အိပ်မောကျသွားအောင် ဖျား ယောင်းသွေးဆောင်ခဲ့တာများလား။ လေတွေကလည်း တဝေါဝေါ တိုက်နေလိုက်တာ၊ တစ်ချက် တစ်ချက် တဒိန်းဒိန်းပစ်ချလိုက်သော မိုးကြိုးပစ်သံ၊ လင်းခနဲ လက်ခနဲ ဝင်းလက်သွားသည့်လျှပ် စီးလက်ရောင်တွေကြားမှာပဲ ကော်ရစ်တာမှ ရပ်နေသည့်တစ္ဆေတစ်ကောင်ကို သူတွေ့လိုက်ခြင်း ဖြစ်သည်။ တစ္ဆေတစ်ကောင်ဟာ ကော်ရစ်တာမှာရပ်နေလိုက်တာ မိုးရေတွေနဲ့ ရွဲရွဲစိုလို့...။

တစ္ဆေကို သူမြင်နေရပေမယ့် တစ္ဆေက သူ့ကိုမြင်ဟန်မတူပါ။ လူတွေအားလုံး အိပ်မောကျ နေချိန်၊ အိပ်လို့မပျော်သည့် သူ့ကိုယ်သူ အပြစ်တင်နေမိချိန်မှာပဲ ကော်ရစ်တာက တစ္ဆေကို သူမြင် သွားခဲ့ခြင်းဖြစ်သည်။ တစ္ဆေကို သူမြင်နေရပေမယ့် တစ္ဆေက သူ့ကိုမြင်ဟန်မတူပါ။ မိုးရေထဲမှာ ကြွက်စုတ်တစ်ကောင်လို ချမ်းတုန်နေသည့် တစ္ဆေဟာ အခန်းထဲကို ဝင်လာချင်ပုံပေါ်နေခဲ့သည်။

တစ္ဆေကိုမြင်စက ကြက်သီးမွေးညှင်းထသွားခဲ့သော်လည်း နောက်ပိုင်းမှာတော့ တစ္ဆေကို သူသနားသွားခဲ့သည်။ တစ္ဆေဟာ လူတွေထင်သလို ကြောက်စရာကောင်းအောင် အရုပ်ဆိုးဆိုး ဖြစ်နေခဲ့ပါ။ တစ္ဆေဟာ သနားစရာကောင်းအောင် ညှိုးငယ်လျက်ရှိသည်။ သူဟာ ကုတင်ပေါ်မှ ဖြည်းညှင်းစွာထလာရင်း တစ္ဆေဆီကိုလျှောက်လာခဲ့သည်။ ကော်ရစ်တာကိုအထွက်မှာတော့ တစ္ဆေ ကလည်း သူ့ကိုမြင်သွားခဲ့ပါသည်။ ပထမတော့ တစ္ဆေဟာ ထွက်ပြေးဖို့ကြံစည်ခဲ့ပြီး နောက်ပိုင်းမှာ ကြက်သေသေရင်း သူ့ကို ငိုင်ကြည့်နေသည်။

"ခင်ဗျား သိပ်ချမ်းနေလား"

တစ္ဆေကို သူမေးလိုက်မိသည်။ တစ္ဆေက သူ့ကို မေးသည်မထင်ပဲ၊ သူ့နောက်ဘက်ကို လှည့်ကြည့်လိုက်ပါသည်။

"ခင်ဗျားကိုမေးနေတာ ခင်ဗျား တအားချမ်းနေလားလို့"

ထိုအခါကျမှ တစ္ဆေဟာ သူ့ကိုပြောမှန်းသိသွားခဲ့ပြီး နောက်ကို တရွေ့ရွေ့ဆုတ်ခွာသွားခဲ့

သည်။

"မကြောက်ပါနဲ့ဗျာ ခင်ဗျားရေတွေရွှဲစိုနေတာကို ကျွန်တော် ကြည့်နေတာကြာပါပြီ။ ခင်ဗျား အအေးပတ်မှာစိုးလို့ ကျွန်တော်ထလာတာ"

အခုတိုင်အောင် တစ္ဆေက စကားတစ်ခွန်းမှ သူ့ကိုမပြောပါ။

"လာပါ…ကျွန်တော်လည်း အိပ်မပျော်လို့ ကော်ဖီပူပူလေးသောက်ရင်း စကားပြောရ အောင်။ လူနာတွေကော လူနာစောင့်တွေကော အိပ်မောကျကုန်ကြပြီဗျ"

"ခင်ဗျား ကျွန်တော့်ကို မြင်ရတယ်"

“မြင်ရတာ ပေါ့ဗျာ။ ပြီးတော့ ခင်ဗျားဟာ တစ္ဆေတစ်ကောင်ဆိုတာလည်း မြင်မြင်ချင်း ကျုပ် သိလိုက်ပါတယ်။ လာပါ ကော်ဖီပူပူလေးသောက်ကြရအောင်”

“ကျွန်တော့်ဘဝမှာ ဘာမှမသောက်ရတာ အတော်ကြာပါပြီဗျာ။ လူ့ဘဝတုန်းကတော့ အ ရက်ပြီးရင်၊ ကော်ဖီကို ကျွန်တော် အကြိုက်ဆုံးပဲ။ ဆရာ့ကို ကျွန်တော် ဘယ်လိုကျေးဇူးတင်ရမှန်း တောင် မသိတော့ဘူး”

ထို့နောက်မှာတော့ တစ္ဆေဟာ လူနာဆောင်ထဲကို သူနှင့်လိုက်လာခဲ့သည်။ ရေစိုနေသည့် တစ္ဆေကို မျက်နှာသုပ်ပဝါလှမ်းပေးအပြီး ဓာတ်ဘူးထဲက ရေနွေးကို မတ်ခွက်ထဲငှဲ့ထည့်ကာ ကော်ဖီ မစ်နှစ်ထုတ်ကို ဖွင့်ဖောက်လိုက်သည်။ ထို့နောက်မှာတော့ သူနှင့်တစ္ဆေဟာ...။

*

## (နှစ်)

မနက်ခင်းလေဟာ ဆေးနံ့တွေ၊ ကာဘော်လစ်ဆီနံ့တွေ၊ ချဉ်စုတ်စုတ်ပုပ်သိုးသိုး ဆေးရုံနံ့ တွေကို သယ်ဆောင်ရင်း လူနာဆောင်ထဲကို ဖြတ်သန်းသွားသည်။ ထိုအနံ့တွေကြောင့်ပဲ သူဟာ အိပ်ယာက နိုးလာခဲ့၏ ။

အိပ်ရာကနိုးတော့ ပထမဦးဆုံး သူသတိရလိုက်တာ ညကတွေ့ခဲ့သောတစ္ဆေကိုဖြစ်သည်။ သူဟာ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်ရင်း တစ္ဆေကို ရှာကြည့်မိပေမယ့် လူနာဆောင်ထဲမှာ တစ္ဆေမရှိတော့ပါ။ သူ့ဘေးကုတင်က လူနာစောင့်ဟာ သူ့လူနာကို ကော်ဖီဖျော်ပေးဖို့ ပြင်ဆင်နေ သည်။ ထိုလူနာစောင့်ကို လှမ်းကြည့်ရင်း၊

“တစ္ဆေတစ်ကောင် မြင်မိသေးလားဗျ”ဟု သူလှမ်းမေးလိုက်သည်။

“တစ္ဆေတစ်ကောင်”

“ဟုတ်တယ်လေ ပိန်ပိန်ရှည်ရှည် မျက်နှာက ....”

ဆက်ပြောမည်လုပ်ပြီးမှ သူမပြောဖြစ်တော့ပါ။ လူနာစောင့်ကလည်း သူ့ကိုနားမလည်သလို ကြည့်ရင်း သူ့လူနာအတွက် ကော်ဖီဆက်ဖျော်ပေးနေသည်။ ထိုအခါမှာပဲ ညကတစ္ဆေနှင့် သောက် ထားခဲ့သော ကော်ဖီနှစ်ခွက်ကို သူသတိရသွားကာ တစ္ဆေသောက်သွားသော ကော်ဖီခွက်ကိုကိုင်

ကြည့်နေမိသည်။

*

**(သုံး)**

ထိုညမှာတော့ တစ္ဆေပြန်ရောက်လာ၏ ။ ပထမ တစ္ဆေဟာ အခန်းထဲကို ဝင်ရကောင်းနိုး၊ မဝင်ရကောင်းနိုး ချီတုန်ချတုန်ဖြစ်နေချိန်မှာ အခန်းထဲကိုဝင်လာဖို့ သူလှမ်းခေါ်လိုက်သည်။ သူ့ ခေါ်သံကြောင့် လူနာဆေးလာထည့်ပေးနေသော ထမီအနီဝတ်နတ်စ်မလေးက သူ့ကိုလှမ်းကြည့် ရင်း “လူနာ ဘာဖြစ်နေတာလဲ အခန်းထဲမှာ တခြားလူနာတွေလည်းရှိတာ မကျယ်ကြီးမအော်နဲ့ လေ”ဟု လှမ်းပြောနေသည်။

“မဟုတ်ပါဘူး၊ ကျွန်တော့်မိတ်ဆွေ တစ္ဆေ...”

“ဘာ... တစ္ဆေ၊ ပေါက်ပေါက်ရှာရှာ”

“မဟုတ်ပါဘူး၊ ကျွန်တော့်မိတ်ဆွေ ကော်ရစ်တာက ဖြတ်သွားတာ မြင်လိုက်လို့ပါ”

သူ့စကားမှားသွားသဖြင့် ခွိကနဲရီမိလိုက်ချိန်မှာ၊ သူ့မိတ်ဆွေ

တစ္ဆေဟာလည်း သူ့ကုတင် နားကို ရောက်လာခဲ့သည်။

“အဲ့ဒါ…အသစ်ရောက်လာတဲ့ နတ်စ်မလေးပေါ့၊ သဘောတော်တော်ကောင်းတယ်။ ဒါပေမဲ့ ဆရာဝန်ပေါက်စလေးနဲ့ ငြိခါနီး နေပါပြီ၊ အပျိုလူပျိုဆိုတော့ ငြိသွားလည်း ကောင်းတာပါပဲဆရာ ရယ်၊ ဒါပေမဲ့ တချို့ဆရာဝန်တွေကော ဆရာဝန်ရဲ့မိဘတွေကပါ နတ်စ်မဆိုရင် ဆရာဝန်နဲ့မတန် ဘူးလို့ ထင်နေကြတာ”

တစ္ဆေက သူ့ကုတင်ရှေ့မှာဝင်ထိုင်ရင်း သူ့ကို ပြောပြနေသည်။

“မနေ့ကလိုပဲ ကော်ဖီသောက်ကြရအောင်”

ကော်ဖီနှစ်ခွက်ကို သူဖျော်ပြီး တစ္ဆေကိုတစ်ခွက် ချပေးလိုက်သည်။ ထို့နောက်မှာတော့ သူ သိချင်သည့်အကြောင်းတွေကို တစ္ဆေဆီမှာမေးနေမိတော့သည်။ ဒီထဲမှာ တစ္ဆေနှင့်ပတ်သက်သည့် အကြောင်းတွေကော၊ ဆေးရုံနှင့်ပတ်သက်သည့်အကြောင်းတွေပါ ပါသည်။

တစ္ဆေကလည်း ဒီဆေးရုံမှာ သူရောက်နေတာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီဖြစ်ကြောင်း။ လူ့ဘဝ တုန်းက သူဟာ ဆပ်ကပ်ထဲမှာ ဓားပေါက်သူလုပ်ကြောင်း။ သူဟာ ဓားပေါက်ရသည့်ကောင်မလေး ကို ချစ်ခဲ့ပေမယ့် ကောင်မလေးက ဆပ်ကပ်ဆရာနှင့်ငြိနေကြောင်း၊ သူဟာ ဓားပေါက်ရပေမယ့် သူ့ နှလုံးသားက တအားကို နုခဲ့ကြောင်း၊ ဒါကြောင့်မို့လည်း အရက်သမားကြီးလုံးဝဖြစ်သွားကြောင်း။ နောက်ဆုံး ကောင်မလေး ကိုယ်ဝန်ရချိန်မှာ ဆပ်ကပ်ဆရာကမယူသဖြင့် ကောင်မလေးကို ကောက် ယူပြီး ဆပ်ကပ်ထဲမက သူထွက်လာခဲ့ကြောင်း။ ပြီးတော့ သူဟာ ဆပ်ကပ်လူပြက်လိုဝတ်၊ မျက်နှာဖုံးတွေလိုက်ရောင်း၊ သည်လိုနှင့်ပဲ ကောင်မလေးကို လုပ်ကျွေးခဲ့ရကြောင်း ဝမ်းနည်းဖွယ်ရာ ပြောပြခဲ့ပါသည်။

“ကောင်မလေးက ခင်ဗျားကိုချစ်သွားတာပေါ့”

“တကယ်တော့ ဒီလိုပဲ ဖြစ်ရမှာပေါ့ဆရာရယ်၊ ဒါပေမဲ့ လက်တွေ့ဘဝက ဒီလိုဖြစ်မလာခဲ့ပါ ဘူး။ မိန်းမဆိုတာ တအားကို နားလည်ရခက်ပါတယ်။ ကျွန်တော့်ဘက်က ဘယ်လောက်ပဲချစ်ခဲ့ပေ မယ့် ကောင်မလေးက ကျွန်တော့်ကို မချစ်ဘူး။ ဆပ်ကပ်ဆရာနဲ့ရတဲ့ကလေးက အဖတ်မတင်ပေ မယ့် ကောင်မလေးက ဆပ်ကပ်ဆရာနဲ့ ပြန်ဆက်သွယ်နေတာကို ကျွန်တော်သိသွားခဲ့တယ်။ ကျွန်တော်လည်း အဲ့ဒီအချိန်ကတည်းက အရက်တွေကို ပြန်ပြီးသောက်ဖြစ်လိုက်တာ ကားတိုက်ခံရပြီး ဒီဆေးရုံပေါ်မှာ သေတဲ့အထိ။ မှတ်မှတ်ရရ ဆရာ့ကုတင်ပေါ်မှာ ကျွန်တော်သေခဲ့တာ”

“ဗျာ..အဲ့ဒီလိုတော့ မနောက်ပါနဲ့ဗျာ။ ကျုပ်က ကြောက်တတ်တယ်ဗျ။ ဒါကြောင့်မို့ ခင်ဗျား ကို မြင်ကတည်းက ဆပ်ကပ်လူပြက်နဲ့တူတယ်လို့ ကျုပ်ထင်နေတာ”

“နှစ်ပေါင်းနှစ်ဆယ် ဒီဆေးရုံမှာနေလာရတော့ အတွေ့အကြုံလည်း များပြီဆရာရဲ့။ ဆေးရုံ လာတဲ့လူနာတွေအကြောင်း၊ တာဝန်ကျတဲ့ဆရာဝန်အကြောင်း၊ တာဝန်ကျတဲ့ နတ်စ်မတွေအ ကြောင်း၊ ဆေးရုံအုပ်ကြီးတွေနဲ့ သန့်ရှင်းရေးအလုပ်သမားတွေအကြောင်း၊ တချို့ကျတော့လည်း ဆေးရုံအထူးမှာလာတတ်ပြီး မဟုတ်တာတွေလုပ်သွားတဲ့လူနာတွေအကြောင်း။ တချို့ဆရာဝန် တွေအခန်းထဲကို ညဘက်ရောက်ရောက်လာတတ်တဲ့ နတ်စ်မတွေအကြောင်း။ သူတို့က ကျွန် တော့်ကို မမြင်ကြပေမယ့် မြင်ရတဲ့ကျွန်တော်ကတော့ ရှက်တယ်ဆရာရယ်။ တချို့ဆရာဝန်တွေကျ တော့လည်း တကယ့်ကို စိတ်ထားကောင်းတာပါ။ မနူးမနပ်ဆရာဝန်တွေကတော့ ဟန်တွေပန်တွေ သိပ်များတယ်ဆရာရဲ့။ ကားနဲ့လာရတာ တောင် ကိုယ့်ဆေးသေတ္တာ ပေါ့ပေါ့လေးကို ကိုယ်နေတဲ့ အခန်းထဲ လိုက်ထည့်ပေးဖို့ အိမ်က အိမ်ဖော်ကိုခေါ်လာတဲ့ဆရာဝန်လည်း ရှိသေးတယ်။ တချို့ ဆရာဝန်တွေဆို သိပ်ရီရတယ်။ တစ်ပတ်ကိုတစ်ခါ ကိုယ့်ကိုယ်ကိုယ် ဘီတွဲထိုးတယ်။

အရက် သောက်တာတို့ ကွမ်းစားတာတို့ဆို ကျွန်တော် မအံ့သြဘူး။ တစ်ချို့ကျတော့ ပေါ်ပြူလာတအား ဖြစ်ချင်ကြပြန်ရော။ ဆေးရုံအုပ်ကြီးကိုဖားပြီး အချင်းချင်းထောင်တဲ့ဆရာဝန်လည်းရှိသေး”

“ဒါကတော့ ပုတုဇဉ်တွေပဲဗျာ။ ရှည်တုဇဉ်တွေမှမဟုတ်တာ၊ ပုတုဇနော ဥမ္မမကောဆိုလား။ ဆရာဝန်ဖြစ်လို့ ဒီလိုမဖြစ်ရဘူးပြောလို့မှမရတာ ”

“ကျွန်တော်ရောက်နေတာ အနှစ်နှစ်ဆယ်ဆိုတော့ အခြေအနေတွေကလည်း အတော် ပြောင်းသွားပြီဆရာရဲ့။ ဒီဘက်နှစ်တွေမှာ ဆေးဆိုတာ ဝယ်ပြီးကိုသုံးလာရတာ ။ ဆေးရုံတက်က တည်းက ထိုးဆေးသောက်ဆေး၊ ဆေးထိုးအပ်ကအစ၊ အသည်းအသန်လူနာတွေကို လာကြည့်ဖို့ ဆရာဝန်ကြီးတွေဆိုလည်း ငွေနဲ့သွားကန်တော့မှ လာကြည့်ကြတာ။ နတ်စ်မတွေဆိုလည်း အချိန် ပိုင်း စပါရှယ်နတ်စ်ငှားမှ သေသေချာချာဂရုစိုက်ကြတာ။ ပညာတွေသင်ခဲ့ပြီးခါမှ လူတွေရဲ့နှလုံး သားဟာ ဘာကြောင့်ပျက်စီးသွားတာလဲ ကျွန်တော် စဉ်းစားမရဘူး။ ကျွန်တော်ကတော့ ကျွန် တော့်လူ့ဘဝက ဖတ်ဖူးတဲ့နော်မန်ဗက်သွန်းလို့ ဆရာဝန်တွေနဲ့မာသာထရီဆာလို သူတော်စင်တွေ ကိုပဲ တွေ့ချင်နေတာ”

“ခင်ဗျားဖြစ်ချင်တာတွေ တော်တော်များနေပြီဗျ။ လူ့ဘဝဆိုတာက ကိုယ်ဖြစ်ချင်သလို ပြဋ္ဌာန်းလို့ရတာ မှမဟုတ်တာ။ နော်မန်ဗက်သွန်းနဲ့ မာသာထရီဆာဆိုတာလည်း သန်းပေါင်းထောင် ချီတဲ့အထဲက တစ်ယောက်တစ်လေဖြစ်လာတာပါဗျာ။ ခင်ဗျားစိတ်ကိုလျှော့စမ်းပါ။ စိတ်ကိုလျှော့ တာဟာ ရောဂါကို သက်သာစေတယ်ဗျ။ တစ္ဆေသက်ရှည်ချင်ရင် စိတ်ကိုလျှော့၊ လေကောင်းလေ သန့်လေးရှူပေါ့ဗျာ။ ဆေးရုံထဲမှာတော့ မရှူနဲ့ဗျ။ ဆေးရုံထဲမှာ အနံ့အသက်မကောင်းဘူး”

ဒီလိုနှင့်ပဲ တစ္ဆေနှင့်သူ အတော့်ကို ရင်းနှီးသွားခဲ့ကြ၏ ။ တစ္ဆေဟာ ညတိုင်းလိုလို သူ့ဆီလာ ပြီး စကားပြော၏ ။ သူကလည်း ညတိုင်းလိုလို တစ္ဆေကို

ကော်ဖီဖြစ်ဖြစ် လက်ဘက်ရည်ဖြစ်ဖြစ် ဖျော်ပြီး ညှော်ခံနေခဲ့သည်။

တစ် ည.........။

နှစ် ည .........။

သုံး ည .........။

ငါး ည ..........။

ဆယ်ည.........။

*

## (ငါး)

ထိုနေ့မနက်က တိမ်တွေဟာ ကောင်းကင်မှာ အဆုပ်လိုက် အဆုပ်လိုက်လွင့်မြောနေခဲ့ သည်။ တိမ်တွေကြားက နေရောင်ခြည်ဟာ တစ်ခါတစ်ခါ မြေပြင်က ပျောက်ကွယ်သွားတတ်ပြန် သည်။ ထိုနေ့မနက် ဆယ်နာရီလောက်မှာပဲ ဆေးရုံစကားအရ၊ ဆရာဝန်ကြီး ရောင်း (round)လှည့် လာသည်။ ဆရာဝန်ကြီးနှင့်အတူ ဆေးကျောင်းသားတွေ တစ်သီကြီး ပါလာခဲ့သည်။ ထိုဆရာဝန် ကြီးဟာ တစ္ဆေစကားအရ မိန်းမနှစ်ယောက်ရှိပြီး ဆရာဝန်ပေါက်စ စပ်စလူးမလေးနှင့်လည်း ဘာ လိုလိုပဲဟုဆိုပါသည်။ လူနာတွေ တစ်ယောက်ပြီးတစ်ယောက် လျှောက်ကြည့်ရင်း သူ့ကုတင်နား ကို ဆရာဝန်ကြီး ရောက်လာခဲ့သည်။ သူ့လူနာမှတ်တမ်းကို ဆရာဝန်ကြီး ကောက်ကြည့်လိုက်ချိန်မှာ ဆေးကျောင်းသားတွေကလည်း စာအုပ်လေးတွေ ဖွင့်လိုက်ကြသည်။

"ညဘက်ညဘက် မအိပ်ဘူးဆို"

"ဟုတ်ကဲ့...."

"ပြီးတော့ စကားတွေလည်း ပြောပြောနေတယ်ကြားတယ်၊ ဘယ်သူနဲ့များ ပြောနေတာလဲ"

"ကျွန်တော်...ကျွန်တော်"

"ခေါင်းကို နည်းနည်းထိခိုက်သွားတယ်ထင်တယ်။ ဘာလို့ တစ်ယောက်ထဲ စကားတွေ ပြောနေရတာ လဲ"

"ဆရာဝန်ကြီးယုံမယ်ဆိုရင်တော့ ကျွန်တော်ပြောပြချင်ပါတယ်။ ဆရာဝန်ကြီးဟာ အင်ဒရေရာဂင်လို ဆရာဝန်တစ်ယောက်ဖြစ်မယ်လို့လည်း ကျွန်တော်ယုံပါတယ်"

"အင်ဒရေရာဂင်၊ ဘယ်သူလဲ အင်ဒရေရာဂင်ဆိုတာ"

"ချက်ကော့ဗ်ရေးတဲ့ လူနာဆောင်အမှတ်ခြောက်ဝတ္ထုထဲက ဆေးရုံအုပ်ပါ"

"အင်း....ကျုပ်မဖတ်ဖူးဘူး၊ ပြောပါ ဘယ်သူနဲ့ စကားပြောနေသလဲဆိုတာ"

"ဒီဆေးရုံမှာ တစ္ဆေတစ်ကောင်ရှိတယ် ဆရာဝန်ကြီးရဲ့။ ဒီတစ္ဆေက သနားဖို့လည်းကောင်း ပါတယ်။ ဒီမှာ သူနေလာတာ အနှစ်နှစ်ဆယ်ဆိုတော့ ဒီကအကြောင်းတွေ သူသိနေတယ်တဲ့။ ဆေးရုံလာတကတဲ့ လူနာတွေအကြောင်းရော။ ဒီကဆရာဝန်၊ ဆရာမ၊ နတ်စ်မတွေအကြောင်း ရော၊ ညညဆို အဲဒီ အကြောင်းတွေ ပြောပြောနေတာ"

"အော်...တစ္ဆေနဲ့ စကားပြောနေတာကိုး။ ကျုပ်အကြောင်းရော တစ္ဆေဘာတွေပြောသွား သေးလဲ"

"ဆရာဝန်ကြီး ... ဆရာဝန်ကြီး၊ အဲ ဆရာဝန်ကြီးဆီမှာ မိန်းမနှစ်ယောက်ရှိတယ်လို့ တစ္ဆေ က ပြောပါတယ်။ ပြီးတော့ ဒီဆေးရုံက

ဆရာဝန်မပေါက်စလေး ...”

သူ့စကားကြောင့် ဆရာဝန်ကြီး မျက်နှာကွက်ကနဲပျက်သွားသည်။ ဆေးကျောင်းသားတွေ ထဲက ကောင်မလေးတစ်ယောက်ဟာ ခွိကနဲရီလိုက်ပြီး တာဝန်ကျဆရာဝန်မကတော့ မျက်နှာနီ ကနဲဖြစ်သွားခဲ့သည်။ ဆရာဝန်ကြီးမျက်နှာပျက်သွားသဖြင့် သူ့စကားကို ဆက်ရကောင်းနိုး မဆက် ရကောင်းနိုးစဉ်းစားနေချိန်မှာပဲ ဆရာဝန်ကြီးလည်း အခြားကုတင်ရှိရာကို ဆက်လျှောက်သွားတော့ သည်။

*

## (ခြောက်)

ထိုနေ့နေ့လည်မှာပဲ တာဝန်ကျဆရာဝန်နှင့် နတ်စ်မကြီးရောက်လာခဲ့၏ ။ ပြီးတော့ သူ့ကို ဆေးရုံပြောင်းရမည်ဖြစ်ကြောင်း အိမ်ကိုအကြောင်းကြားပြီး ပစ္စည်းတွေသိမ်းထားဖို့လိုကြောင်း လာ ပြောသွားခဲ့သည်။

“ဘယ်ဆေးရုံကိုပြောင်းရမှာလဲ”သူမေးကြည့်တော့ အပြာဝတ်နတ်စ်မကြီးက...။

“ရှင်နဲ့တွေ့တွေ့နေတဲ့ တစ္ဆေကိုမေးကြည့်ပေါ့” ဟု ဆိုခါ သူ့ရှေ့ကနေ ဆောင့်ကြီးအောင့် ကြီးနှင့် လှည့်ထွက်သွားပါသည်။

တစ္ဆေကို သူစောင့်နေပေမဲ့ ညမရောက်သေးသည့်အတွက် တစ္ဆေနှင့် သူမတွေ့ရသေးပါ။

**မဟေသီ(ဒီဇင်ဘာ၊ ၂၀၀၆)**

*

# ငါ့ကိုခြောက်တဲ့တစ္ဆေ

အသက်လေးဆယ်ဟာ လူ့ဘဝရဲ့အစဟု ဘယ်ပညာရှိက ဆိုခဲ့မှန်းမသိပေမယ့် အသက်ငါး ဆယ်ဟာ လူ့ဘဝရဲ့အကျဆိုတာ ကျွန်တော် သိသွားခဲ့သည်။ ကျွန်တော့်နားထက်က ဆံပင်ဖြူ တွေပိုများလာပြီး ကျွန်တော့်သွားတွေဟာ ယခင်ကထက် အပေါက်တွေပိုများလာသောကြောင့် ဖြစ်သည်။

ပေါက်တူးတစ်လက်ဖြင့် မြေကြီးကို ဆယ်မိနစ်ကြာအောင် ကျွန်တော် မပေါက်နိုင်တော့ပါ။ လှေခါးထစ်ခပ်မြင့်မြင့်တွေကို ကြာရှည်စွာ ကျွန်တော်မတတ်နိုင်တော့ပါ။ လူငယ်တစ်ယောက်နှင့် ကျွန်တော်နဘမ်းမသတ်နိုင်တော့ပါ။ လည်ပင်းမှာ ပေါက်လာသည့် မှည့်ခြောက်တွေက ကျွန်တော့် ကို ပို၍ အိုစာစေခဲ့သည်။

ဘာပဲဖြစ်ဖြစ် လူကသာ ရင့်ရော်ခဲ့ပေမယ့်၊ စိတ်ကတော့ မရင့်ကျက်ခဲ့ပါ။ အသက်ငါးဆယ် ကျော်လျှင် မကောင်းတာတွေ နည်းနိုင်သမျှ နည်းအောင်ရှောင်မည်ဟု မောင်းတင်ခဲ့ပေမယ့် အ သက်ငါးဆယ်ရောက်လာသည့်အခါမှာတော့ မကောင်းတာတွေကို ရှောင်ချင်စိတ်က အားနည်းနေ ဆဲဖြစ်သည်။

အသက်ငါးဆယ်ကျော်လျှင် ဝိပဿနာတရားတွေကို ဖိဖိစီးစီးအားထုတ်မည်ဟု တွေးထား ခဲ့သည့်တိုင် တော်ကူးဆရာတော်ဘုရားကြီးတောင် ငါးဆယ့်သုံးနှစ်ကျမှ စလုပ်တာပဲဟု ဆင်ခြင် ပေးချင်နေသည်။ နောက် သုံးနှစ်လောက်တော့ နေမြဲတိုင်း နေသွားဦးမည်ဟု ကိုယ့်ကိုယ်ကိုယ် ဈေးဆစ်နေမိပြန်သည်။

ဒါကြောင့်မို့ ဖြူးဆရာတော်ရဲ့ “ဘေးလွတ်ရာသွားအိုလူသား”တရားခွေမှာ ဆရာတော်က “လူသာအိုပေမယ့်

တဏှာကမအိုဘူး။ အသက်ဘယ်လောက်ကြီးကြီး၊ အသက်တစ်ရာမကလို့ ကိုးရာပဲရှည်ရှည် အသက်က တဏှာကို မသတ်နိုင်ဘူး၊ တဏှာကို သတ်နိုင်တာ ဝိပဿနာကမှ အပြီးတိုင်သတ်နိုင်တာ”ဟု ဆိုခဲ့ခြင်းဖြစ်၏ ။ ထိုဝိပဿနာကလည်း မညာတမ်း၊ မညှာတမ်းလုပ်မှ ဖြစ်နိုင်ပါမည်။

ဘာပဲဖြစ်ဖြစ် မိမိအပြစ်တွေကို ဆင်ခြေပေးမည်ဆိုလျှင်တော့ ဆင်ခြေပေးစရာက အတော် အများသား။ ကိလေသာဆယ်ပါးရှိသည်အနက် အပါယ်တံခါးပိတ်ပြီးဖြစ်သည့် သောတပတ္တိမဂ်ရ သူ (သောတာပန်ဖြစ်သူ) တောင်၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးသာ ပယ်သတ်နိုင်ပြီး၊ ကျန်ကိလေသာ တွေဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စ၊ အဟိရိက၊ အနောတ္တပ္ပ အစရှိသည့် ကိလေသာတွေ ကျန်နေသေးတာပဲ။ ထိုကိလေသာတွေ၏ အပါယ်ကျသည့်သတ္တိတွေကို ပယ် ဖျက်ပြီးသည့်တိုင် လုံးဝပယ်သတ်နိုင်တာမှ မဟုတ်သေးပဲ။ မိမိက သောတာပန်မှမဟုတ်တာ။ တစ် နည်းအားဖြင့် ကိုယ်က ဘာကောင်မှ မဟုတ်သေးတာဟု ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်စိတ်များက မကောင်းမှုဒုစရိုက်တွေကို ဆက်လုပ်ဖို့ အခွင့်အရေးပေးသလို ဖြစ်နေခဲ့ပါသည်။

လူ့ဘဝဟာ မက်လို့ကောင်းဆဲ၊ လန့်နိုးလိုက်မှ အိပ်မက်ဟုသိလိုက်ရသည့်အဖြစ်နှင့်တော့ ခပ်ဆင်ဆင်တူ၏ ။ ဒါမှဟုတ်လည်း စားလို့ကောင်းဆဲ လက်ထဲက ပုတ်ချခံလိုက်ရသည့် ပန်းသီး တစ်လုံးနှင့် ခပ်ဆင်ဆင်တူ၏ ။ ဒါမှမဟုတ်လည်း သောက်လေသောက်လေငတ်မပြေသည့် ဆားငံ ရည်လို။ ဘယ်လောက်ပင် အိုမင်းရင့်ရော်ပေမယ့် ဘဝအပေါ်တွယ်တာ ချစ်ခင်စိတ်နှင့် မျှော်လင့် ချက်တဏှာက မပျောက်။

*

ထိုနေ့ကတော့ ကျွန်တော် အံ့သွားတစ်ချောင်းဟာ အတော့်ကို

နာနေခဲ့သည်။ ကျွန်တော့် သွားတွေကို ကောင်းသည်ဟုထင်ထားခဲ့ပေမယ့် အသက်ငါးဆယ်ပြည့်ခါနီး ရက်ပိုင်းအလိုမှာပဲ ကျွန်တော် အံသွားတစ်ချောင်းဟာ အပေါက်ဖြစ်လာခဲ့၏။ ထိုအပေါက်ဟာ အစပိုင်းရေသောက် လျှင် ကျင်လာတတ်ရာက နောက်တော့ အသားစဝင်ပြီး ကိုက်ခဲနာကျင်လာခဲ့၏။ သွားသွားဖာဖို့ ဇနီးက ပြောပေမယ့် ကျွန်တော် မဖာဖြစ်ခဲ့ပါ။

သည်လိုနှင့်ပဲ ထိုသွားဟာ အခြေအနေ ပိုဆိုးလာ၏။ ထို့နေ့ကတော့ ထိုသွားကြောင့်ပဲ ကျွန် တော့်ပါးတခြမ်းဟာ ရောင်ကိုင်းနေပြီး အဆက်မပြတ်နာကျင်နေခဲ့သည်။ မိန်းမငါးခြောက်ကြော်လို့ အညော်မိပြီး ပိုဆိုးလာသည်ဟု ဆိုခါ မိန်းမကို အပြစ်တင်နေမိပေမယ့် တကယ်တမ်းသွားကိုက်တာထက်ကို မိတ်ဆွေတွေချိန်းဝိုင်းကို မသွားနိုင်တာက ပိုပြီးဒေါသဖြစ်နေမိသည်။

ယောကျ်ားတော်တော်များများဟာ အသက်ကြီးလာသည့်အခါ အတော့်ကိုအဖော်မင်လာ ၏။ အသက်သာရပေမဲ့ တချို့ယောကျ်ားတွေကတော့ ကြောင်ခံတွင်းပျက်တွေဖြစ်လာခဲ့၏။ ထိုအ ခါ ဆယ်ရက်တောင်ပံကျိုးတွေကိုလည်း ရှာတတ်ပြန်သည်။ တလောကပဲ အရက်ဆိုင်တစ်ဆိုင်မှာ မိတ်ဆွေမုဆိုးဖိုတစ်ယောက်နှင့် ဆက်ရက်တောင်ပံကျိုးကိစ္စကို ကျွန်တော် သတိရနေမိသည်။

ထိုမိတ်ဆွေတွေဟာ အတော့်ကိုစိတ်ဓာတ်ကျနေပြီး၊ ကျွန်တော်တို့ကို ဝိုင်းဝန်းကူညီဖို့ ပြောပေမယ့် ကျွန်တော့်ကို မကူညီနိုင်ခဲ့ပါ။ သူဟာ သူ့သမီးအရွယ် ကောင်မလေးတစ်ယောက်နှင့် ရေငံမိရာက ထိုဓာတ်လမ်းစခဲ့ခြင်းဖြစ်သည်။ ပထမ ကောင်မလေးကို ချစ်လာသည်။ ကောင်မလေးမှာ ကိုယ်ဝန်ရှိလာသည့်အခါ ကောင်မလေးအမေက သူ့ကိုယူခိုင်းသည်။ တစ်ဖက်မှာလည်း သားသမီးတွေက သူတို့နှင့်ရွယ်တူကောင်မလေးကို သဘောမတူပါ။ ဆိုးတာက ကောင်မလေး ဟာ ဆက်ရက်တောင်ပံကျိုးဖြစ်ကြောင်း သားသမီးတွေ သိနေခြင်းပင်ဖြစ်သည်။

သူငယ်ချင်းစာရေးဆရာတစ်ယောက်ကတော့ ထိုအဖြစ်ကိုကြည့်ပြီး

"လူကြီးတွေဟာ လူ ငယ်တွေထက် အတွေ့အကြုံပိုများတော့ လူငယ်တွေထက် ပိုမိုက်တယ်ဗျ။ ဒါကြောင့်မို့လို့ စာရေး တဲ့အခါ လူငယ်ပညာပေးမရေးဘဲ လူကြီးပညာပေးသာရေးသင့်တယ်"ဟု ဆိုခဲ့ပါသည်။ မိတ်ဆွေ စာရေးဆရာတချို့ဟာ လူငယ်ပညာပေးစာတွေနှင့် သူတို့ကိုယ်သူတို့ သူတော်ကောင်းဂိုက်ဖမ်းနေ

ပေမယ့် နောက်ကွယ်မှာ သူတို့အကျင့်စာရိတ္တက လူငယ်တွေထက်နိမ့်ကျကြောင်း အံ့သြဖွယ်ရာ တွေ့နေရသည်။

ဘာပဲဖြစ်ဖြစ် ဒီအသက်အရွယ်မှာ ကိုယ့်သမီးအရွယ် ကောင်မလေးတစ်ယောက်ကို ချစ်မိ တယ်ဆိုတာ အတော်ပဲရှက်ဖို့တော့ကောင်းတာပါ။ ဒါကို အချစ်လို့ပြောလို့ကတော့ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်ဟာ ဟက်ဟက်ပက်ပက်ရီကြမှာ သေချာပါသည်။

တစ်ခါတစ်ခါတော့လည်း ထိုကိုးဆယ့်ကိုးယောက်ထဲမှာ မပါသည့် နောက်ဆုံးတစ်ယောက် ဖြစ်သူ မိတ်ဆွေကိုယ်တိုင်တောင် ဒါဟာ အချစ်လား၊ သာယာမှုလားဆိုတာ သေချာမည်မထင်ပါ။

ဘာပဲဖြစ်ဖြစ် အနုသယကိလေသာမှသည် ပရိယုဋ္ဌာနကိလေသာဖြစ်၊ ထိုမှတစ်ဆင့် ဝီတိ က္ကမကိလေသာဖြစ်လာခြင်းဟာ အာရုံနှင့်ဝတ္ထုတိုက်ဆိုင်မှုမှာ နှလုံးသွင်းမလိမ္မာမှုကြောင့်ပဲဖြစ် မည်ဟု ထင်ပါသည်။

ဘာပဲဖြစ်ဖြစ် လူအတော်များများဟာ နှလုံးသွင်းမလိမ္မာမှုဆိုသည့် အညစ်အကြေးထဲမှ လူး လိမ့်ပျော်ဝင်နေရတာ ကိုပဲ ဘဝ၏ သုခဟု ထင်နေခဲ့တာမဟုတ်လား။ ပြီးတော့လည်း အသက်အ ရွယ်ဟာ တဏှာကိုမသတ်နိုင်ဟု ဆိုထားတော့ကာ။

လူ့ဘဝမှာ ပျော်ပျော်ပဲနေပါဆိုသည့် အဘိဓမ္မာကို လက်ကိုင်ထားသူ မိတ်ဆွေတစ်ယောက် ကတော့ "သေတဲ့အကြောင်းတွေ သိပ်မပြောကြပါနဲ့ဗျာ။

သေဖို့ဆိုတာ လူ့ဘဝမှာ အသေချာဆုံး ပဲဗျ။ မသခင်ကိုတော့ ပျော်ပျော်ပဲနေချင်တယ်။ သူများကို မထိခိုက်ဘူးဆိုရင် လုပ်ချင်ရာလုပ်မယ်။ ပျော်ပျော်မနေရမှတော့ ဘဝဟာ ဘာများကောင်းမှာလဲ”ဟု ဆို၏ ။

ထိုသူငယ်ချင်းဟာ ပျော်ပျော်နေနိုင်လောက်အောင်လည်း ပိုက်ဆံအသင့်အတင့်ချမ်းသာ သူ သူငယ်ချင်းဖြစ်ပါသည်။ သူဟာ ကာရာအိုကေဆိုင်သုံးဆိုင်ရှိပြီး ဗြူတီပါလာနှစ်ဆိုင်ပိုင်သူ လည်းဖြစ်သည်။ သူ့မိန်းမကတော့ သူ့ဆီက လိုချင်သည့်ပိုက်ဆံအလုံအလောက်ရတာ နှင့်ပဲ သူ့ကို ဘေးမဲ့ပေးထားသည်ဟု ဆို၏ ။

လူ့ဘဝမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနေရခြင်းအတွက် အဓိပ္ပာယ်မရှိသလို တအားပျော်ရွှင် နေရခြင်းဟာလည်း အဓိပ္ပာယ်မရှိဟု ကျွန်တော်ထင်ပါသည်။ ပျော်ရွှင်ခြင်းဆိုတာ အခြားအခြား သော သဘာဝတရားတွေကို ထာဝရတည်မြဲမှုမရှိသောအရာဖြစ်ကြောင်း ကျွန်တော်သဘော ပေါက်သလိုရှိသောကြောင့်ဖြစ်သည်။ (အသေအချာတော့ သဘောမပေါက်ပါဘူး။)

တတ်နိုင်လျှင် ပျော်ရွှင်မှု၊ မပျော်ရွှင်မှုနှစ်ခုစလုံးအပေါ်မှာ မျှမျှတတလက်ခံနိုင်သည့် ရောင့် ရဲမှုရှိမည်ဆိုလျှင်တော့ လူ့ဘဝဟာ အတော်ပဲနေလို့ကောင်းမည်ဖြစ်၏ ။

*

ညရောက်လာသည့်တိုင် အံ့သွားအပေါက်က ဝေဒနာဟာ ကျွန်တော့်ကို ညှင်းဆဲနေဆဲဖြစ် ၏ ။ တီဗွီသတင်းမှာတော့ ဂျပန်လူမျိုးတစ်ယောက်ကို ပြန်ပေးဆွဲခဲ့ပြီး အီရတ်က ဂျပန်တပ်တွေ မရုပ်သိမ်းပေးလျှင် ထိုဓားစာခံကို သတ်ပစ်မည်ဟုဆိုသည့်သတင်းက လာနေခဲ့သည်။

ဒီအချိန်ဆိုလျှင် မိတ်ဆွေတချို့ဟာ အရက်ဝိုင်းမှာ ကျွန်တော့်အကြောင်းကို ပြောနေကြ တော့မည်ဖြစ်၏။ ဆိုင်တစ်ဆိုင်ကနေ နောက်တစ်ဆိုင်ပြောင်းနေကြမည်ဖြစ်၏။ သည့်ထက်မူးပြီး သည့်ထက် စိတ်ရိုင်းတွေဝင်လာလို့ကတော့ မိတ်ဆွေကာရာအိုကေဆိုင်ကိုရောက်ပြီး ဆက်ရက် တောင်ပံကျိုးတချို့နှင့် တွေ့ကြဦးမည်ဖြစ်၏။ ထိုအခါ ကျွန်တော့်ကိုသဘောကျနေသော (ကျွန် တော့်ဘက်က ရူးတာလည်းဖြစ်နိုင်ပါသည်) ဆက်ရက်တောင်ပံကျိုးလေးတစ်ယောက်ဟာ ကျွန် တော်မပါလာသည့်ကိစ္စကို မေးကောင်းမေးနေနိုင်၏။

ဂျပန်ဓားစာခံကို ပြန်ပေးဆွဲသည့် သတင်းက တီဗွီထဲမှာ ထပ်ခါထပ်ခါပါနေပေမယ့် ကျွန် တော့်စိတ်က မိတ်ဆွေတွေနှင့် ဆက်ရက်တောင်ပံကျိုးဆီပဲ ရောက်နေမိသည်။

တကယ်တော့လည်း လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ပေးဆွဲပြီး ကိုယ့်ကိုယ်ကိုယ် ဓားစာခံ လုပ်နေကြသူ၊ ကိုယ့်ကိုယ်ကိုယ် သတ်နေကြသူတွေသာဖြစ်သည်။

အဘူဂါရိတ်အကျဉ်းထောင်မှာ အကျဉ်းသားတွေအစော်ကားခံရသည်ဆိုပေမယ့် လူတွေ ဟာ ကိုယ့်သိက္ခာကိုယ် ပြန်စော်ကားတာကိုတော့ မေ့နေကြသူတွေသာဖြစ်သည်။ ကျွန်တော်တို့ ဟာ ကျွန်တော်တို့ကို ကျွန်တော်တို့ စော်ကားနေကြသူတွေ မဟုတ်ပါလား။

မိတ်ဆွေတချို့က အားနာတာ၊ သဘောကောင်းတာကိုသာကြည့်ပြီး ဒီလူသိပ်ကောင်းတဲ့ လူပဲဟု ပြောကြတိုင်း၊ မိုးကြိုးအကြိမ်တစ်ရာပစ်သလို ကျွန်တော်ခံစားခဲ့ရသည်။ အသက်ကြီးတာ ဟာ တဏှာလောဘကို မသတ်နိုင်ဘူးဆိုသည့်တိုင် အသက်ကြီးလာသည်နှင့်အမျှ တဏှာလောဘ ကို နည်းနိုင်သမျှနည်းသင့်သည်မဟုတ်ပါလား။ သည်လိုသာမဖြစ်ခဲ့လျှင်တော့ လူကြီးနှင့်လူငယ် ကြား ကွာဟမှုဟာ မိုက်မဲမှုပိုလာတာပဲ ဖြစ်မည်ထင်၏။

ထိုအချိန်မှာပဲ သမီးအကြီးဆုံးရဲ့သား ကျွန်တော့်ရဲ့မြေးငယ်က ကျွန်တော့်ပေါင်ပေါ်တက် လာပြီး "ဘိုးဘိုးကြီး သွားနာသေးလား၊ ဒါကြောင့်မို့ သားသားက ဘိုးဘိုးကြီးကို အသားတွေမစား ပါနဲ့တော့လို့ပြောတာ၊ ဘိုးဘိုးကြီးက သွားသာနာတာ အသားက စားတာကိုး"ဟု ဆို၏ ။

ကျွန်တော့်နားထဲမှတော့ ကလေးပြောသည့် "အသားတွေမစားနဲ့ဆိုတာကို ဆက်ရက် တောင်ပံကျိုးတွေ မစားနဲ့တော့"ဟု ကြားနေမိသည်။

ထိုခဏမှာပဲ ကျွန်တော့်အံသွားဟာ ပိုပြီး နာကျင်လာခဲ့သည်။ ကျွန်တော့်စိတ်ဆွေကတော့ တစ္ဆေတစ်ကောင်အချောက်ခံရသလို အတုံးလိုက် အတစ်လိုက် ခံစားနေရပေသည်။

**နွယ်နီ (မေ၊ ၂၀၁၅)**

*

## မပျော်ရွှင်ဘူးတစ္ဆေ
## (တစ်)

တစ္ဆေတစ်ကောင်ဟာ မပျော်ခဲ့တာကြာပြီတဲ့။ တစ္ဆေဖြစ်ပြီး မပျော်ဘူးဆိုတာရှိလို့လား။ သုံး ဆယ့်တစ်ဘုံမှာ ကျင်လည်နေရသူအားလုံးဟာ ပျော်တာ မပျော်တာ ရှိမှာပေါ့။ တိရစ္ဆာန်တွေ တောင် တစ်ခါတစ်လေ စိတ်မပျော်ရင် အစာမစားကြဘူး။ ဒီတစ္ဆေကတော့ ဘာကြောင့်များမပျော် တာပါလိမ့်။ ဒီတစ္ဆေရဲ့ သားသမီးတွေဟာ ပြောစကား၊ ဆိုစကားနားမထောင်လို့လား။ ဒါမှမဟုတ် တစ္ဆေရဲ့မိန်းမက နောက်တစ္ဆေတစ်ကောင်နဲ့ ငြိနေလို့လား။ ဒါမှမဟုတ် တစ္ဆေက သူ့မိန်းမအပြင် အခြားတစ္ဆေမလေးတစ်ယောက်ကို ခိုက်နေလို့လား။

လူတွေမှာတော့ ဒါမျိုးတွေ ဖြစ်လာခဲ့ရင် အတော့်ကိုဂွကျတာ။ မိန်းမက နောက်တစ် ယောက်နဲ့ ငြိသွားတာပဲဖြစ်ဖြစ်၊ ယောကျ်ားက နောက်တစ်ယောက်ကို စွဲလမ်းတာပဲဖြစ်ဖြစ်၊ တစ် ခါတစ်ခါတော့ ဒီကိစ္စကို အသာလေးကြည့်နေလိုက်တာ အကောင်းဆုံး။ နောက်တော့ အချိန်က ကုစားသွားမှာ။ ဒါပေမဲ့ ဒီကိစ္စကို ဒီလိုလုပ်လို့ တရားသေပြောလို့မဖြစ်ပြန်ဘူး။ ဘာဖြစ်လို့လဲဆို တော့ အချိန်မီမတားရင် လွန်သွားမှ မရတော့ဘူး။

ထားပါလေ လူ့ကိစ္စတွေ။ တစ္ဆေဟာ ဘာဖြစ်လို့ မပျော်ရွှင်တော့တာလဲ။ တစ္ဆေပဲ ပျော် အောင်နေပေါ့။ တစ္ဆေဖြစ်ပြီး မပျော်ဘူးဆိုရင် အတော့်ကို အနေရအထိုင်ရခက်မှာ။ တစ္ဆေလောက မှာ စီးပွားရေးမကောင်းတော့လို့လား။ 'တော်ဖလာ' ရဲ့ တတိယလှိုင်းက တစ္ဆေလောကထဲအထိကို ရောက်လာလို့လား။ ဒါမှမဟုတ် နိုင်ငံခြားထွက်အလုပ်လုပ်ဖို့ ငွေအရင်းအနှီးလိုနေလို့လား။ နိုင်ငံ ခြားထွက်အလုပ်လုပ်ရင်လည်း ပျော်မယ် အဆင်ပြေမယ်လို့ ထင်နေလို့လား။ ဒါမှမဟုတ် သူနေတဲ့ နေရာလေးကို တစ္ဆေပုဂ္ဂလိကဘဏ်မှာ ပေါင်လိုက်ရလို့လား။ ဒါမှမဟုတ် သူများတကာလို ငါးသိန်း တန်ဖုန်းလေးတောင် မကိုင်နိုင်လို့လား။

တစ္ဆေလောကမှာ ရွေးကောက်ပွဲတွေတော့ ရှိဟန်မတူ ပါဘူး။ ဒါဆို ကြိုတင်မဲတွေကြောင့် ရှုံးတာလည်း မဖြစ်နိုင်ဘူးပေါ့။ ပြောစမ်းပါ။ တစ္ဆေဖြစ်ပြီး ဘာ ဖြစ်လို့ မပျော်ရတာ လဲဆိုတာ။

*

## (နှစ်)

လူတစ်ယောက်က ပြောဖူးတယ်။ လူ့ဘဝမှာ ကျွန်တော်မပျော်တာကြာပြီတဲ့။ ဘာကြောင့် မပျော်တာလဲဆိုတော့ ကျွန်တော် ဘာကိုကြည့်ကြည့် ပျော်လို့မရဘူးဖြစ်နေတယ်တဲ့။ တစ်လောက တော့ ဒီလူဆုံးသွားပါပြီ။ ဆရာဝန်တွေက သူ့မှာ ဘာရောဂါမှ ကြီးကြီးမားမားမရှိဘူးတဲ့။ ရောဂါဆို လို့ မပျော်တဲ့ရောဂါပဲရှိတာတဲ့။ လောကမှာ မပျော်တဲ့ရောဂါဆိုတာ ရှိနေပြီလား။ ဒီရောဂါဟာ သွေး တိုးတို့၊ လေငန်းတို့လိုပဲ လူကို မြန်မြန်သေစေနိုင်လား။ ဒါမှမဟုတ် အေအိုင်ဒီအက်စ်ရောဂါလို လူ

ကို တပိန်ပိန်တလိမ်လိမ်နဲ့ အိပ်ရာထဲလဲစေနိုင်တာလား။ ခုတော့လည်း ဒီရောဂါဟာ တစ္ဆေ လောကကိုပါ ကူးစက်သွားပါပြီ။

မပျော်တာကို ဆန်းစစ်ကြည့်တဲ့အခါ အဓိကက ငွေရေးကြေးရေး အဆင်မပြေလို့။ ငွေရှိပေ မယ့် ကျန်းမာရေးမကောင်းလို့။ ကျန်းမာရေးတော့ ကောင်းပါတယ်။ လူမှုရေးတွေက ရှုပ်နေပြန် ရော။ လူ့ဘဝမှာ မပျော်တဲ့ရောဂါတော်တော်များတာပဲ။ နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့လူတစ် ယောက်က ပြောဖူးတယ်။ “နိုင်ငံခြားမှာ အလုပ်ထွက်လုပ်နေလို့ ပျော်နေတယ်လို့ ခင်ဗျားတို့က ထင်ကြမယ်။ ဒီမှာ ကိုယ်ကိုယ်တိုင်လည်း မပျော်ဘူး။ ဒီရောက်ပြီး အဆင်မပြေတဲ့ လူတွေကိုကြည့် ရတာ လည်း မပျော်ဘူး”တဲ့။ ပြီးတော့ ဒီလူ့မှာ မိန်းမနဲ့ပတ်သက်ပြီး ခံစားချက်ရှိတယ်။ “ကျုပ်ဘဝ မှာ ကျုပ်အမေကလွဲရင် ကျုပ်ကို

တကယ်ချစ်တဲ့မိန်းမတစ်ယောက်မှ မရှိဘူးတဲ့။ ယုတ်စွအဆုံး ကျုပ်မိန်းမကတောင် ကျုပ်ကိုမချစ်ဘူး” တဲ့။ ဒီလူက သူသာအချစ်ခံချင်ပြီး သူများကို ချစ်ဖို့တော့ မကြိုးစားတဲ့လူပေါ့။

ကဲ တစ္ဆေအကြောင်းပြောရင်း လူအကြောင်းက ကော်ငြာဝင်သွားပြန်ပြီ။ လူ့အကြောင်းဆို တာ ပြောလို့ကုန်မှာမဟုတ်ဘူး။ တစ္ဆေအကြောင်းပဲ ပြောကြရအောင်၊ တစ္ဆေဟာ မပျော်တာကြာ ပြီတဲ့။ မပျော်တာ တွေ့ရာနေရာကို လေလိုလွင့်ပြီး လျှောက်သွားတာပေ့ါ။ လေလိုလွင့်တယ်ဆိုမှ လေကလည်း တပေါင်းလေလို ခြောက်ကပ်ကပ်ကြီးတိုက်နေလိုက်တာ။ ဒီလေမျိုးဟာ လွမ်းစရာ လည်း ကောင်းတယ်။ အပင်ပေါ်ရှိရှိသမျှ ရွက်ဝါတွေကိုလည်း ဒီလေကပဲ ပိုက်စိပ်တိုက်ခြွေချတာ။ နေရာတိုင်းလိုရောက်တော့ နေရာတိုင်းမှာ ပျော်ရွှင်နေတဲ့ လူတွေကို သူတွေ့ရတာ လား။ လူတွေ ပျော်ရွှင်နေတာတွေ့လေ တစ္ဆေက မပျော်ရွှင်လေပဲတဲ့။ ဘာကြောင့်များ လူတွေဒီလောက်ပျော်နေ ကြတာလဲ။ လူတွေပျော်ရွှင်နေတာ မြင်ရတာ နဲ့ တစ္ဆေက မပျော်နိုင်ဘူးဆိုတာကတော့ ဒါဟာ နည်း နည်းမနာလို ဖြစ်ရာကျတာပေ့ါ။ ဘာပဲဖြစ်ဖြစ် လူတွေပျော်ရွှင်နေတာကြည့်ပြီး တစ္ဆေက စိတ်ပျက် နေတာ။ လူတွေ ဒီလောက်တောင် ဘာလို့ ပျော်ရွှင်နေတာလဲ။ လူ့ဘဝဟာ ဒီလောက်တောင် ပျော် စရာကောင်းလို့လား။

ပိုက်ဆံရှိရှိ မရှိရှိ လူတွေက စူပါမားကက်တွေကို ဝင်ကြတယ်။ ပိုက်ဆံရှိရှိ မရှိရှိ လူတွေက ရှော့ပင်းမောတွေကို သွားကြတယ်။ နောက်ဆုံးပေါ် လျှပ်စစ်ပစ္စည်းတွေကို ငေးကြတယ်။ ကိုယ် မကိုင်နိုင်ပေမယ့် ဖုန်းအသစ်အဆန်းတွေကို သွားရည်ကျကြတယ်။ ပိုက်ဆံရှိရှိ မရှိရှိ အပျော်ကြည့် ရုပ်ရှင်ရုံတွေမှာ လူတွေပြည့်နေခဲ့တယ်။ ဘာလို့ ရုပ်ရှင်ကြည့်တာလဲလို့ မေးတဲ့အခါ “ရယ်ရလို့”တဲ့။ လူတွေက သူတို့ဘဝမှာ ရယ်ပဲနေချင်တာ။ အသက်ကြီးကြီး အသက်ငယ်ငယ်လူတွေက တီဗီဂိမ်း တွေကို စွဲနေပြန်ရော။

ဘိန်းစားတွေ ဘိန်းစွဲသလိုမျိုး ဂိမ်းသမားတွေ ဂိမ်းစွဲနေတာ။

ဖမ်းရေးအတွက် နိုက်ကလပ် တွေမှာ မပေါ့တပေါ်ဝတ်ပြီး ကျားမျှားနေတဲ့ မိန်းမတွေကလည်း သူ့ဟာနဲ့သူ ပျော်နေတာဘဲ။ တစ်ခုပဲရှိတယ်။ ဒီညလူရပ့်ါမလားဆိုတဲ့ စိုးရိမ်စိတ်တွေရယ်။ အချိုကြီးရမယ့် ကျားတစ်ကောင်ကို

သူ့ကျော့ကွင်းမှာ ချိတ်မိရင်ဆိုတဲ့ လောဘနဲ့ မျှော်လင့်ချက်ရယ်ကြောင့် နည်းနည်းတော့ စိတ်မောရတာ ပေ့ါ။

တရားရုံးမှာ တရားသူကြီးတွေကလည်း သူတို့စီရင်ချက်ချလိုက်တဲ့အမှုဟာ မတရားမှန်းသိ ပေမယ့် လိပ်ပြာသန့်စွာပဲ ပျော်နေကြတယ်။ တချို့ဆို တရားသူကြီးဘဝနဲ့ မတရားရထားတဲ့ငွေ တွေကို သူတို့နဲ့ ငြိနေတဲ့ကောင်မလေးတွေကို ပုံအောပေးရတာ ကိုပဲ ကျေနပ်နေကြသေး။ ရဲတွေ ကတော့ အတော့်ကို စိတ်ပျက်ဖို့ကောင်းတဲ့လူစားတွေပဲ။ အချုပ်သားတွေအပေါ် သူတို့ဆက်ဆံတာ က လှောင်အိမ်ထဲထည့်ထားတဲ့ တိရ စ္ဆာန်တွေကို ဆက်ဆံသလိုမျိုး။ ဘာပဲလုပ်လုပ် ငွေပဲ။ ငွေးပေး မှ အနေအေးတယ်။ သူတို့ဘာသာလည်း သူတို့ရတဲ့ငွေနဲ့ လောက်မှမလောက်တာပဲ။ ဒီတော့ သူ တို့မှာ နှလုံးသားဆိုတာ မရှိနိုင်တော့ဘူး။ အာဖရိကတောထဲက သားရဲတိရ စ္ဆာန်တွေလို သူတို့ ဖမ်း ရေးအတွက် အခြားသားကောင်တွေကို ကိုက်သတ်ရသလိုမျိုး။ ဒါကပဲ သူတို့ဘဝလိုဖြစ်နေပြီး ဘာ ခံစားချက်မှလည်း မရှိနိုင်ဘူး။

ဘာပဲပြေပြော လူဟာ တိရစ္ဆာန်အဆင့်ကို ကျသွားတာကတော့ အတော့်ကိုနှမြောဖို့ ကောင်းပါတယ်။ ဒါနဲ့ပဲ တစ္ဆေက ဘာလို့ မပျော်တာလဲ။ အနေသာချည်းပဲ။ ပျော်တယ်ဆို ကိုယ့်ဘာ သာကိုယ် ပျော်ပေ့ါ။ ဒါပေမဲ့ တစ္ဆေက မပျော်ဘူး။ လူတွေ တအားပျော်နေတာကိုရော လူတွေ တိရ စ္ဆာန်အဆင့်ကျသွားတာကိုရော မြင်နေရပြီး မပျော်ခဲ့တာ။

*

# (သုံး)

ဒီလိုနဲ့ တစ်နေရာမှာတော့ တန္တေဟာ ထူးထူးခြားခြား လူတစ်ယောက်ကို သွားတွေ့ခဲ့ တယ်။ နေရာကလည်း ပင်လယ်ကမ်းစပ်ကျောက်ဆောင်ကြီးပေါ်မှာ။ ဒီလူ ဘာလုပ်နေတယ်ထင် သလဲ။ ပင်လယ်ကြီးကိုကြည့်ပြီး ဟားတိုက်ရယ်မောနေတာ။ သူရယ်တာက တရုတ်ပန်းချီဆရာ ရီမင်းဂျန်ရဲ့ ပန်းချီကားထဲက လူတွေလိုမျိုး၊ ပင်လယ်ကမ်းစပ်မှာ သူနဲ့ ပင်လယ်ကြီးပဲရှိတာ ဒီလူ ဘာကို ရယ်နေတာလဲ။ တန္တေသူ့နားကို ရောက်သွားတော့မှ ဒီလူဟာ မျက်စိမမြင်တဲ့လူတစ် ယောက်ဖြစ်နေတာ တွေ့လိုက်ရတာ ။ အံမာ...မျက်စိမမြင်တဲ့လူကများ၊ ပင်လယ်ကြီးကိုကြည့်ပြီး ရယ်ရတယ်လို့။ တန္တေသူ့နားသွားပြီး မေးလိုက်တယ်။

"ခင်ဗျား ဘာကို ရယ်နေတာလဲ"

ဒီလူ ဘာမှမပြောဘဲ အရယ်ရပ်ပြီး ပြုံးစိစိလုပ်နေတယ်။

"ခင်ဗျား မျက်စိမမြင်ဘဲ ပင်လယ်ကြီးကိုကြည့်ပြီး ရယ်နေလို့ မေးနေတာ"

ဒီတော့မှ ဒီလူ့ဆီက အသံထွက်လာတယ်။

"ကျုပ်ဆီကို တန္တေတစ်ကောင်လာမယ်ဆိုတာ သိနေလို့ ရယ်နေတာပေါ့"

"ဗျာ"

"ဟုတ်တယ်၊ ခင်ဗျား တန္တေဆိုတာ အနံ့အသက်အရကို ကျုပ်သိတာပေါ့။ ကျုပ်က မွေးရာ ပါ အမြင်အာရုံချို့ငဲ့သူဆိုတော့ ကျန်တဲ့အာရုံတွေ အားကောင်းနေတာ ကျုပ်ရဲ့အားသာချက်လေ။ အခုတော့ မျက်စိမမြင်သူနဲ့ မျက်စိမြင်သူ သိပ်မကွာဘူးဆိုတာ ကျုပ်သိသွားပါပြီ။ ကျုပ်က မျက်စိ

မမြင်သူဆိုတော့ အမေက ကျုပ်ကို သဘာဝကြီးနဲ့ ထိတွေ့ဖို့သင်ပေးတယ်။ ဒါက အေးတာ၊ ဒါက ပူတာ၊ ဒါက မာတာ၊ ဒါက ပျော့တာ၊ ဒါက ချိုတာ၊ ဒါက ခါးတာ အစရှိသည်ဖြင့်ပေါ့ဗျာ။ တစ်နေ့ ပင်လယ်ဘက်ကို အမေနဲ့ကျုပ်လာကြတယ်။ အမေက အခုကြားနေရတာ ပင်လယ်ကလှိုင်းပုတ်သံ ပေါ့သားတဲ့။ သားနင်းထားတာ သဲတွေတဲ့၊ သဲတွေက အဖြူရောင်ရှိတယ်။ ဟောဒီခပ်ကြမ်းကြမ်း အရာတွေက ကျောက်ဆောင်ပဲ၊ ကျောက်ဆောင်တွေက ဖြူတာကော၊ မည်းတာကော။ ရေစပ်ရောက်တော့ ဒါက ပင်လယ်ကြီးပေါ့။ ပင်လယ်ကြီးကပြောတယ်။ အမေတို့ခေါင်းပေါ်မှာ ကောင်း ကင်ကြီးရှိတယ်။ ကောင်းကင်ကြီးကလည်း ပြာတာပဲတဲ့။ အမေပြောတဲ့ အပြာတို့ အဖြူတို့ကို ကျုပ် ဘယ်လိုလုပ်သိနိုင်မှာလဲ”

“အဲ… အဲ့ဒီအချိန်မှာ လေတွေက တိုက်နေတယ်။ အမေက ဒါပင်လယ်ကတိုက်လာတဲ့လေ တဲ့။ ကျုပ်ကလည်း “လေက ဘာအရောင်ရှိလဲအမေ”လို့ မေးလိုက်တယ်။ အမေက တစ်ချက်ငြိမ် သွားပြီး “လေက ဘာအရောင်ရှိမှာလဲသားရယ်၊ လေမှာ ဘာအရောင်မှမရှိဘူး” “ဘာအရောင်မှမရှိ ဘဲ လေကို အမေမြင်ရလား” လို့မေးတော့ “ဘာအရောင်မှမရှိတာ လေကို အမေဘယ်လိုမြင်ရမှာ လဲတဲ့” ကျုပ်သိလိုက်ပြီ။ လူတွေဟာ မျက်လုံးသာရှိပြီး လောကမှာ မမြင်ရတာ တွေ အများကြီးပါ လားလို့၊ နောက်ပိုင်း ကျုပ်ကြီးလာတဲ့အခါ အမေကိုးကွယ်တဲ့ ဆရာတော်တစ်ပါးကို ဒီအကြောင်း တွေ လျှောက်ကြည့်ဖူးတယ်။ ဆရာတော်က “လေကိုမှမဟုတ်ဘူး။ အဝိဇ္ဇာဖုံးနေတဲ့ လူတွေဟာ ဘာကိုမှမမြင်ဘူး။ တကယ်တမ်းမြင်ရလည်း လောကကြီး နေစရာမရှိဘူး။ အဝိဇ္ဇာမဖုံးသူဆိုတာ ကလည်း ကမ္ဘာပေါ်မှာ အပုံသန်းပေါင်းများစွာပုံမှ တစ်ပုံလောက်ပဲရှိတာတဲ့”။ ကျုပ်တော့ အံ့ရော။ မျက်စိမြင်တဲ့လူတွေနဲ့ မျက်စိမမြင်တဲ့လူကြားမှာ ဘာမှမထူးပါလားဆိုတာ။ ဒါကြောင့်မို့ ပင်လယ် ကိုရောက်တိုင်း၊ ပင်လယ်လေတွေတိုးလာတိုင်း၊ ဒီအဖြစ်တွေကို တွေးမိပြီး ကျုပ်ရယ်မိတာပါ။ ရယ် တယ်ဆိုတိုင်း

ပျော်လို့ရယ်တာတော့ မဟုတ်ဘူး။ ခင်ဗျားလည်း မပျော်နိုင်တဲ့ တစ္ဆေမဟုတ်လား။”

“ဗျာ ကျုပ်မပျော်တာကို ခင်ဗျားသိနေတယ်”

“သိတာပေ့ါ မျက်စိဆိုတာ ကိုယ်မြင်နိုင်တဲ့အရာကိုသာ သိနိုင်ပြီး ဉာဏ်ဆိုတာကတော့ ကိုယ်မမြင်နိုင်တဲ့အရာကို သိနိုင်တယ်ဆိုတာ ခင်ဗျားသဘောပေါက်ခဲ့ရင် ...”

သည့်နောက်မှာတော့ ပင်လယ်ကမ်းစပ်တစ်နေရာမှာ မပျော်နိုင်တဲ့တစ္ဆေနဲ့ မျက်စိမမြင်တဲ့ လူတစ်ယောက်ရဲ့ ရယ်သံတွေသာ ပင်လယ်ရဲ့ လှိုင်းပုတ်သံတွေကြား တိုးတွားနစ်ဝင်ရင်း....။

**ရွှေမြိန်မာ (ဩဂုတ် -၂၀၁၁)**

*